စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# ပဲစင်းငုံ

## ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

## အမှတ်စဉ် (၀၀၀၃)

## (HS–Code 071360)

## Dried, shelled Pigeon Peas “Cajanus Cajan”









DECEMBER 2022

# ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

**PRODUCT : 071360 Dries, shelled Pigon Peas " Cajanus Cajan", whether or not skinned or Split**

**(HS-Code 071360)**

**Dries, shelled beans of species Pigon Peas " Cajanus Cajan",**

ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်

၂၀၂၁ ခုနှစ်၌ ကမ္ဘာ့အများဆုံးပဲစင်းငုံ တင်သွင်းသော(၁၀) နိုင်ငံ

**Fig 1: Top 10 World importers in 2021**

| No | Importers | Value Imported in 2021 (US$,000) | Quantity Imported in 2021 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | India | 514131 | 674437 | 762 | 90.5 |
| 2 | United Arab Emirates | 15715 | 21016 | 748 | 2.8 |
| 3 | Nepal | 12512 | 16073 | 778 | 2.2 |
| 4 | United States of America | 10462 | 6060 | 1726 | 1.8 |
| 5 | Zimbabwe | 2312 | 4225 | 547 | 0.4 |
| 6 | United Kingdom | 2174 | 1942 | 1119 | 0.4 |
| 7 | Canada | 1346 | 823 | 1635 | 0.2 |
| 8 | Australia | 1114 | 821 | 1357 | 0.2 |
| 9 | Malaysia | 1028 | 997 | 1031 | 0.2 |
| 10 | Peru | 880 | 1184 | 743 | 0.2 |
| | other | 6737 | 223543 | -10446 | 1.1 |
| | World Total | 568411 | 951121 | | 100 |

Source : ITC TradeMap


Top 10 World Importers In 2021
800000
700000
600000
500000
400000
300000
200000
100000
0
India
United Arab Emirates
Nepal
United States of America
Zimbabwe
United Kingdom
Canada
Australia
Malaysia
Peru
other
Value imported in 2021 (USD thousand)
Quantity imported in 2021


List of importing countries for the selected product in 2021
Product : 071360 "Dried, shelled pigeon peas ""Cajanus cajan"", whether or not skinned or split"
Greenland
Canada
United States of America
Mexico
Cuba
Peru
Brazil
Bolivia
Chile
Norway
Russian Federation
Ukraine
Kazakhstan
Mongolia
Spain
Italy
Türkiye
China
Iraq
Pakistan
Algeria
Egypt
India
Mali
Niger
Chad
Sudan
Nigeria
Ethiopia
Angola
Australia
Imported value, USD thousand
N.A.
0 - 5,141 USD thousand
5,141 - 25,706 USD thousand
> 257,065 USD thousand

၁။ ၂၀၂၁ ခုနှစ်တွင် (HS.Code–071360) ပဲစင်းငုံအား အများဆုံးတင်သွင်းခဲ့သည့် ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ အိန္ဒိယ၊ ယူအေအီး၊ နီပေါ၊ အမေရိကန်၊ ဇင်ဘာဘွေ၊ အင်္ဂလန်၊ ကနေဒါ၊ သြစတြေးလျ၊ မလေးရှား၊ ပီရူးတို့ဖြစ်ကြသည်ကို ITC Trade Map အရ သိရှိရသည်။ အိန္ဒိယသည် ၂၀၂၁ ခုနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်း ကန်ဒေါ်လာ ၅၁၄ ဒသမ ၁၃၁ သန်းရှိပြီး ကမ္ဘာ့ပဲစင်းငုံဈေးကွက်၏ ဈေးကွက်ဝေစု ၉၀ ဒသမ ၅ ရာခိုင်နှုန်း အများဆုံးရရှိထားသည်။ ထို့နောက် ယူအေအီးက သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁၅ ဒသမ ၇၁၅ သန်းဖိုး တင်သွင်း၍ ဈေးကွက်ဝေစု ၂ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ နီပေါက သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁၂ ဒသမ ၅၁၂ သန်းဖိုး တင်သွင်း၍ ဈေးကွက်ဝေစု ၂ ဒသမ ၂ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်ရှိသည်။ အလားတူ အမေရိကန်၊ ဇင်ဘာဘွေ၊ အင်္ဂလန်၊ ကနေဒါ၊ သြစတြေးလျ၊ မလေးရှား၊ ပီရူးတို့က အစဉ်လိုက် ရပ်တည်လျက်ရှိကြသည်။ ကမ္ဘာ့ပဲစင်းငုံ တင်သွင်းသည့် နိုင်ငံပေါင်း (၁၀၀) နိုင်ငံရှိပြီး ကမ္ဘာ့ထိပ်တန်း (၁၀) နိုင်ငံ၏ တစ်တန်ပေါက်ဈေးများကို နှိုင်းယှဉ်လေ့လာရာတွင် အမေရိကန်က ဝယ်ယူသည့်ဈေးမှာ ၁ တန်ကို ကန်ဒေါ်လာ ၁၇၂၆ ဖြင့် အမြင့်ဆုံးဖြစ်ပြီး ကနေဒါက ၁ တန်ကို ကန်ဒေါ်လာ ၁၆၃၅ ဖြင့်ဒုတိယ၊ သြစတြေးလျက ၁ တန်ကို ကန်ဒေါ်လာ ၁၃၅၇ ဖြင့်တတိယ၊ အင်္ဂလန်က ၁ တန်ကို ကန်ဒေါ်လာ ၁၁၁၉ ဖြင့်စတုတ္ထနှင့် မလေးရှားက ၁ တန်ကို ကန်ဒေါ်လာ ၁၀၃၁ ဖြင့်ပဉ္စမတို့ဖြစ်ကြသည်။

**မြန်မာ့ပဲစင်းငုံ တင်ပို့သည့် ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၁)**

**Fig 2: Top 10 Importers of Myanmar in 2021**

| No | Importer Countries | Value Imported in 2021(US$,000) | Quantity Imported in 2021 (Tons) | Unit Value $ /Ton | Market Share % |
|---|---|---|---|---|---|
| 1 | India | 12944 | 19175 | 675 | 97.3 |
| 2 | Australia | 445 | 341 | 1305 | 0.4 |
| 3 | Nepal | 327 | 525 | 623 | 2.5 |
| 4 | Malaysia | 155 | 131 | 1183 | 0.1 |
| 5 | United States of America | 128 | 112 | 1143 | 0.1 |
| 6 | United Kingdom | 117 | 93 | 1258 | 0.1 |
| 7 | Canada | 99 | 64 | 1547 | 0.1 |
| 8 | Italy | 63 | 59 | 1068 | 0.1 |
| 9 | Pakistan | 37 | 50 | 740 | 0.3 |
| 10 | Japan | 23 | 18 | 1278 | 0 |

Source : ITC TradeMap

၂။ ၂၀၂၁ ခုနှစ်တွင် မြန်မာ့ပဲစင်းငုံအား အများဆုံးတင်ပို့ရောင်းချခဲ့သည့် နိုင်ငံများမှာ ITC Trade Map အရ အိန္ဒိယ၊ ဩစတြေးလျ၊ နီပေါ၊ မလေးရှား၊ အမေရိကန်၊ အင်္ဂလန်၊ ကနေဒါ၊ အီတလီ၊ ပါကစ္စတန်၊ ဂျပန်တို့ဖြစ်ကြသည်။

## ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ၅ နှစ်တာ ကာလအတွင်း ပဲစင်းငုံတင်ပို့မှု

၃။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ပဲစင်းငုံတင်ပို့မှုပမာဏနှင့် တန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့ပဲစင်းငုံ တင်ပို့မှုတန်ဖိုးနှင့် အဆင့်နေရာပြဇယား

**Fig 3: List of exporters for the selected product**

Product: **071360 Dried, shelled Pigon Peas " Cajanus Cajan", whether or not skinned or Split**

Unit : US Dollar thousand

| NO | Exporters | Exported value in 2017 | Exported value in 2018 | Exported value in 2019 | Exported value in 2020 | Exported value in 2021 |
|---|---|---|---|---|---|---|
| 1 | Tanzania, United Republic of | 21175 | 26969 | 39369 | 87845 | 114268 |
| 2 | Sudan | 3 | 2 | 7557 | 7035 | 49556 |
| 3 | Malawi | 175 | 2656 | 7666 | 1978 | 39174 |
| 4 | India | 13699 | 9175 | 10515 | 23832 | 31449 |
| 5 | Mozambique | 0 | 177 | 1975 | 1428 | 20751 |
| 6 | Myanmar | 51611 | 8384 | 3417 | 305 | 13309 |
| 7 | Uganda | 1113 | 0 | 0 | 0 | 4701 |
| 8 | Kenya | 266 | 634 | 361 | 7664 | 4562 |
| 9 | Canada | 3818 | 3281 | 2684 | 3087 | 2246 |
| 10 | Peru | 2085 | 2117 | 2205 | 2318 | 1951 |
| | other | 8394 | 7209 | 9348 | 13517 | 8081 |
| | World Total | 102339 | 60604 | 85097 | 149009 | 290048 |

Source: ITC Trade Map

မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အဆင့် (၆) တွင်ရှိပါသည်။

## ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့ပဲစင်းငုံ တင်ပို့မှုပမာဏနှင့်အဆင့်နေရာပြဇယား

**Fig 4: List of exporters for the selected product**

Product: **071360** Dried, shelled **Pigon Peas " Cajanus Cajan", whether or not skin or Split**

| No | Exporters | 2017 Exported quantity, Tons | 2018 Exported quantity, Tons | 2019 Exported quantity, Tons | 2020 Exported quantity, Tons | 2021 Exported quantity, Tons |
|---|---|---|---|---|---|---|
| 1 | Tanzania, United Republic of | 51174 | 85865 | 86813 | 187056 | 205204 |
| 2 | Sudan | 7 | 4 | 12332 | 10686 | 61790 |
| 3 | Malawi | 450 | 10151 | 19350 | 4325 | 54054 |
| 4 | Mozambique | 0 | 510 | 6560 | 2396 | 32831 |
| 5 | India | 11984 | 9070 | 8778 | 19198 | 31552 |
| 6 | Myanmar | 101047 | 24159 | 5542 | 412 | 19753 |
| 7 | Trinidad and Tobago | 48748 | 39274 | 26515 | 19554 | 15493 |
| 8 | Kenya | 359 | 1567 | 532 | 16649 | 6258 |
| 9 | Uganda | 2041 | 0 | 0 | 0 | 6202 |
| 10 | Canada | 2459 | 2967 | 2621 | 4066 | 4950 |
| | other | 13236 | 18737 | 14364 | 24233 | 13574 |
| | World Total | 231505 | 192304 | 183407 | 288575 | 451661 |

Source: ITC Trade Map

မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အဆင့် (၆) တွင်ရှိပါသည်။

၄။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာ့ဈေးကွက်တွင် ပဲစင်းငုံတင်ပို့သော နိုင်ငံ (၆၈) နိုင်ငံရှိပြီး မြန်မာနိုင်ငံသည် ပမာဏအားဖြင့်တင်ပို့မှုတွင် အဆင့် (၆) နှင့်တန်ဖိုးအားဖြင့် တင်ပို့မှုတွင် အဆင့် (၆) နေရာတွင် ရှိနေပါသည်။

## အာရှတွင် ပဲစင်းငုံတင်သွင်းသော ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၁)

**Fig 5: Top 10 Asia Importers in 2021**

| No | Importer Countrys | Value (in USD Thousand) | Quantity (in Tons) | Unit Value (USD/Unit) | Market Share % |
|---|---|---|---|---|---|
| 1 | India | 514131 | 674437 | 762 | 90.5 |
| 2 | United Arab Emirates | 15715 | 21016 | 748 | 2.8 |
| 3 | Nepal | 12512 | 16073 | 778 | 2.2 |
| 4 | Malaysia | 1028 | 997 | 1031 | 0.2 |
| 5 | Qatar | 608 | 527 | 1154 | 0.1 |
| 6 | Singapore | 517 | 289 | 1789 | 0.1 |
| 7 | Sri Lanka | 145 | 177 | 819 | 0 |
| 8 | Kuwait | 114 | 96 | 1188 | 0 |
| 9 | Japan | 95 | 57 | 1667 | 0 |
| 10 | Oman | 82 | 73 | 1123 | 0 |

Source : ITC TradeMap

၅။ ၂၀၂၁ ခုနှစ်တွင် ပဲစင်းငုံကို အာရှနိုင်ငံများအနက် အများဆုံးတင်သွင်းလျက်ရှိသောနိုင်ငံများမှာ အိန္ဒိယ၊ ယူအေအီး၊ နီပေါ၊ မလေးရှား၊ ကာတာ၊ စင်ကာပူ၊ သီရိလင်္ကာ၊ ကူဝိတ်၊ ဂျပန်၊ အိုမန်တို့ဖြစ်ကြသည်။ အိန္ဒိယသည် သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၅၁၄ ဒသမ ၁၃၁ သန်းဖိုးနှင့် အရေအတွက် ၆၇၄၄၃၇ တန်ဖြင့်အများဆုံးဝယ်ယူခဲ့ပြီး ယူအေအီးက ကန်ဒေါ်လာ ၁၅ ဒသမ ၇၁၅ သန်းဖိုးနှင့် အရေအတွက် ၂၁၀၁၆ တန်ဖြင့် ဒုတိယအများဆုံး၊ နီပေါက ကန်ဒေါ်လာ ၁၂ ဒသမ ၅၁၂ သန်းဖိုးနှင့် အရေအတွက် ၁၆၀၇၃ တန်ဖြင့် တတိယအများဆုံး ဝယ်ယူလျက်ရှိကြောင်းတွေ့ရသည်။ ထို့နောက် မလေးရှား၊ ကာတာ၊ စင်ကာပူ၊ သီရိလင်္ကာ၊ ကူဝိတ်၊ ဂျပန်၊ အိုမန်တို့က အစဉ်လိုက်ရှိကြပါသည်။

## အာရှတွင် ပဲစင်းငုံ တင်ပို့သော ထိပ်တန်း (၉) နိုင်ငံ (၂၀၂၁)

### Fig 6. Top 9 Asia exporters in 2021

| No | Exporter Countries | Value Exported in 2021(US$,000) | Quantity Exported in 2021(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | India | 31449 | 31552 | 997 | 10.8 |
| 2 | Myanmar | 13309 | 19753 | 674 | 4.6 |
| 3 | United Arab Emirates | 1928 | 3059 | 630 | 0.7 |
| 4 | Jordan | 25 | 31 | 806 | 0 |
| 5 | Türkiye | 15 | 7 | 2143 | 0 |
| 6 | Malaysia | 7 | 7 | 1000 | 0 |
| 7 | Sri Lanka | 4 | 5 | 800 | 0 |
| 8 | Thailand | 3 | 4 | 750 | 0 |
| 9 | Singapore | 2 | 1 | 2000 | 0 |

Source : ITC Trade Map

၆။ ၂၀၂၁ ခုနှစ်တွင် ပဲစင်းငုံကို အာရှနိုင်ငံများအနက် အများဆုံးတင်ပို့ရောင်းချလျက်ရှိသော နိုင်ငံများမှာ အိန္ဒိယ၊ မြန်မာ၊ ယူအေအီး၊ ဂျော်ဒန်၊ တူရကီ၊ မလေးရှား၊ သီရိလင်္ကာ၊ ထိုင်း၊ စင်ကာပူတို့ဖြစ်ကြသည်။ အိန္ဒိယက ကန်ဒေါ်လာ ၃၁ ဒသမ ၄၄၉ သန်းဖိုးနှင့် အရေအတွက် ၃၁၅၅၂ တန်ဖြင့် အများဆုံးရောင်းချခဲ့ပြီး မြန်မာက ကန်ဒေါ်လာ ၁၃ ဒသမ ၃၀၉ သန်းဖိုးနှင့် အရေအတွက် ၁၉၇၅၃ တန်ဖြင့် ဒုတိယအများဆုံး၊ ယူအေအီးက ကန်ဒေါ်လာ ၁ ဒသမ ၉၂၈ သန်းဖိုးနှင့် အရေအတွက် ၃၀၅၉ တန်ဖြင့် တတိယအများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း တွေ့ရသည်။ ထို့နောက် ဂျော်ဒန်၊ တူရကီ၊ မလေးရှား၊ သီရိလင်္ကာ၊ ထိုင်း၊ စင်ကာပူတို့က အစဉ်လိုက်ရပ်တည်လျက် ရှိကြသည်။ အိန္ဒိယ၊ ယူအေအီး၊ မလေးရှား၊ စင်ကာပူ၊ သီရိလင်္ကာ တို့သည် ပဲစင်းငုံတင်သွင်းသည့် နိုင်ငံများဖြစ်သော်လည်း ပြန်လည်တင်ပို့သည့် နိုင်ငံများလည်း ဖြစ်ကြောင်း တွေ့ရပါသည်။

# ကမ္ဘာ့ပဲစင်းငုံ တင်ပို့သော ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၁)

**Fig 7. Top 10 World exporters in 2021**

| No | Exporter Countries | Value Exported in 2021(US$,000) | Quantity Exporte in 2021(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | Tanzania, United Republic of | 114268 | 205204 | 557 | 39.3 |
| 2 | Sudan | 49556 | 61790 | 802 | 17 |
| 3 | Malawi | 39175 | 54054 | 725 | 13.5 |
| 4 | India | 31449 | 31552 | 997 | 10.8 |
| 5 | Mozambique | 20751 | 32831 | 632 | 7.1 |
| 6 | Myanmar | 13309 | 19753 | 674 | 4.6 |
| 7 | Uganda | 4701 | 6202 | 758 | 1.6 |
| 8 | Kenya | 4562 | 6258 | 729 | 1.6 |
| 9 | Canada | 2246 | 4950 | 454 | 0.8 |
| 10 | Peru | 1951 | 1511 | 1291 | 0.7 |

Source : ITC TradeMap






၇။ ၂၀၂၁ ခုနှစ်တွင် ပဲစင်းငုံ (HS.Code–071360) အားအများဆုံး တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ တန်ဇန်းနီးယား၊ ဆူဒန်၊ မာလာဝီ၊ အိန္ဒိယ၊ မိုဇမ်ဘစ်၊ မြန်မာ၊ ယူဂန္ဒာ၊ ကင်ညာ၊ ကနေဒါ၊ ပီရူးတို့ဖြစ်ကြသည်။ တန်ဇန်းနီးယားက ကန်ဒေါ်လာ ၁၁၄ ဒသမ ၂၆၈ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၃၉ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည်ကို တွေ့ရသည်။ ဒုတိယနေရာရှိ ဆူဒန်က ကန်ဒေါ်လာ ၄၉ ဒသမ ၅၅၆ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၇ ရာခိုင်နှုန်း၊ တတိယနေရာရှိ မာလာဝီက ကန်ဒေါ်လာ ၃၉ ဒသမ ၁၇၅ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၃ ဒသမ ၅ ရာခိုင်နှုန်း ရရှိထားသည်။ ထို့နောက် အိန္ဒိယ၊ မိုဇမ်ဘစ်၊ မြန်မာ၊ ယူဂန္ဒာ၊ ကင်ညာ၊ ကနေဒါ၊ ပီရူးတို့က အစဉ်လိုက်ရှိကြသည်။ ဈေးနှုန်းအနေဖြင့် ပီရူးက ပထမ၊ အိန္ဒိယက ဒုတိယ၊ ဆူဒန်က တတိယ၊ ယူဂန္ဒာက စတုတ္ထနှင့် ကင်ညာက ပဉ္စမတို့ ဖြစ်ကြသည်။ ကမ္ဘာ့ပဲစင်းငုံ တင်ပို့သောနိုင်ငံ (၄၅) နိုင်ငံရှိပြီး မြန်မာက အဆင့် (၆) နေရာတွင် ရှိသည်။

**အီးယူ နိုင်ငံများမှ ပဲစင်းငုံ တင်သွင်းမှု**

၈။ ၂၀၂၁ ခုနှစ်တွင် ပဲစင်းငုံအများဆုံး တင်သွင်းခဲ့သော အီးယူထိပ်တန်း (၅) နိုင်ငံမှာ အင်္ဂလန်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်စ်၊ အိုင်ယာလန်၊ အီတလီတို့ဖြစ်ကြပြီး ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ် (၅) နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့်တင်သွင်းမှု ရာခိုင်နှုန်းနှင့် ၂၀၂၀ ခုနှစ်နှင့် ၂၀၂၁ ခုနှစ် (၂) နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

**Fig 8. Top Five EU Importers with the Biggest Growth in value Between 2017 and 2021**

| No | Importers | Annual growth in value between 2017–2021 (%) | Annual growth in value between 2020–2021 (%) |
|---|---|---|---|
| 1 | United Kingdom | 13 | –47 |
| 2 | Belgium | –26 | –26 |
| 3 | Netherlands | 5 | 151 |
| 4 | Ireland | | 529 |
| 5 | Italy | –13 | 1 |

source : ITC Trade Map

၉။ ပဲစင်းငုံ အများဆုံးတင်သွင်းသော အီးယူ ထိပ်တန်း (၅) နိုင်ငံ၏ ၂၀၂၁ ခုနှစ်အတွက် တင်သွင်းမှုပမာဏနှင့်တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစုအခြေအနေများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်–

**Fig 9. Top Five Dried, shelled Pigeon Peas "Cajanus Cajan" Importers of Eu in 2021**

| N0 | Importers | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2021 (USD thousand) | Quantity imported in 2021 | Unit value (USD/unit) | Share in world imports (%) |
| | European Union (EU 28) Aggregation | 3393 | 2949 | | 0.6 |
| 1 | United Kingdom | 2174 | 1942 | 1119 | 0.4 |
| 2 | Belgium | 242 | 351 | 689 | 0 |
| 3 | Netherlands | 226 | 149 | 1517 | 0 |
| 4 | Ireland | 187 | 26 | 7192 | 0 |
| 5 | Italy | 156 | 190 | 821 | 0 |

source : ITC Trade Map

၁၀။ ၂၀၂၁ ခုနှစ်တွင် အီးယူနိုင်ငံများအနေဖြင့် ပဲစင်းငုံ တင်သွင်းမှုပမာဏသည် (၂၉၄၉) တန်ဖြစ်ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၃ ဒသမ ၃၉၃ သန်းရှိပါသည်။ ကမ္ဘာ့ဈေးကွက်၏ ဈေးကွက်ဝေစု သုညဒသမ ၆ ရာခိုင်နှုန်း ရယူထားပါသည်။

## သွင်းကုန်ခွန်လေ့လာချက်

**Tariff Rate of Dried, shelled Pigon Peas " Cajanus Cajan", whether or not skinned or Split**

| Partenr | Tariff regime | Applied tariff (as reported) |
|---|---|---|
| India | MFN duties (Applied) | 0.1 |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for Least Developed Countries | 0 |
| Nepal | MFN duties (Applied) | 0.1 |
| Malaysia | MFN duties (Applied) | 0 |
| U A E | MFN duties (Applied) | 0.05 |
| New Zealand | MFN duties (Applied) | 0 |
| Korea | MFN duties (Applied) | 0.27 |
| | Preferential tariff for ASEAN countries | 0 |
| Bangladesh | MFN duties (Applied) | 0.05 |
| Thailand | MFN duties (Applied) | 0.3 |
| | Preferential tariff for AANZFTA countries | 0 |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for Least Developed Countries | 0 |
| Germany | MFN duties (Applied) | 0.032 |
| | Preferential tariff for Least Developed Countries | 0 |
| Bhutan | General tariff | 0.01 |
| Taipei chinese | MFN duties (Applied) | 0 |
| United Kingdom | MFN duties (Applied) | 0.032 |
| | Preferential tariff for Least Developed Countries | 0 |
| Belgium | MFN duties (Applied) | 0.032 |
| | Preferential tariff for Least Developed Countries | 0 |
| Netherlands | MFN duties (Applied) | 0.032 |
| | Preferential tariff for Least Developed Countries | 0 |
| Ireland | MFN duties (Applied) | 0.032 |
| | Preferential tariff for Least Developed Countries | 0 |
| Italy | MFN duties (Applied) | 0.032 |
| | Preferential tariff for Least Developed Countries | 0 |

Source: Market Access Map

၁၁။ အခွန်စည်းကြပ်မှုကို လေ့လာရာတွင် အိန္ဒိယ MFN duties သုည ဒသမ ၁ ရာခိုင်နှုန်း၊ ASEAN Countries, LDC Countries သုညရာခိုင်နှုန်း၊ နီပေါက MFN duties သုညဒသမ ၁ ရာခိုင်နှုန်း၊ မလေးရှား၊ နယူးဇီလန်၊ တိုင်ပေ(တရုတ်)တို့က MFN duties သုညရာခိုင်နှုန်း၊ ယူအေအီးက MFN duties သုညဒသမ ၀၅ ရာခိုင်နှုန်း၊ ကိုရီးယားက MFN duties သုညဒသမ ၂၇ ရာခိုင်နှုန်း၊ ASEAN Countries သုညရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ်က MFN duties သုည ဒသမ ၀၅ ရာခိုင်နှုန်း၊ ထိုင်းက MFN duties သုညဒသမ ၃ ရာခိုင်နှုန်း၊ AANZFTA Countries, ASEAN Countries, LDC Countries သုညရာခိုင်နှုန်း၊ ဘူတန်က General tariff သုညဒသမ ၀၁ ရာခိုင်နှုန်း၊ ဂျာမနီ၊ အင်္ဂလန်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်စ်၊ အိုင်ယာလန်၊ အီတလီတို့က MFN duties သုညဒသမ ၀၃၂ ရာခိုင်နှုန်းနှင့် LDC Countries သုညရာခိုင်နှုန်း သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

## အလားအလာရှိသော ဈေးကွက်တစ်ခုစီလေ့လာချက်

### မလေးရှား ဈေးကွက်

**Fig 10 : Top 7 world exporters to Malaysia in 2021**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Malawi | 353 | 312 | 1131 | 34.3 |
| Sudan | 324 | 405 | 800 | 31.5 |
| India | 160 | 122 | 1311 | 15.6 |
| Myanmar | 155 | 131 | 1183 | 15.1 |
| Mozambique | 30 | 24 | 1250 | 2.9 |
| China | 6 | 2 | 3000 | 0.6 |
| United Arab Emirates | 1 | 1 | 1000 | 0.1 |

Source : ITC Trade Map

၁၂။ မလေးရှားသို့တင်ပို့မှုတွင် မြန်မာသည် အဆင့် (၄) နေရာတွင်ရှိပြီး ဈေးကွက်ဝေစု ၁၅ ဒသမ ၁ ရာခိုင်နှုန်း ရရှိထားသည်။ အိန္ဒိယသည် ဈေးကွက်ဝေစု ၁၅ ဒသမ ၆ ရာခိုင်နှုန်း ရရှိထားသဖြင့် အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုယှဉ်ပြိုင်ဘက်နိုင်ငံဖြစ်ကြောင်း တွေ့ရှိရပါသည်။

**အိန္ဒိယ ဈေးကွက်**

**Fig 11 : Top 10 world exporters to India in 2021**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Mozambique | 156741 | 209641 | 748 | 30.5 |
| Tanzania, United Republic of | 152246 | 206445 | 737 | 29.6 |
| Myanmar | 111986 | 136168 | 822 | 21.8 |
| Sudan | 49232 | 61385 | 802 | 9.6 |
| Malawi | 34169 | 47113 | 725 | 6.6 |
| Uganda | 4695 | 6199 | 757 | 0.9 |
| Singapore | 2080 | 2400 | 867 | 0.4 |
| United Arab Emirates | 1469 | 2611 | 563 | 0.3 |
| South Africa | 940 | 1440 | 653 | 0.2 |
| Kenya | 314 | 471 | 667 | 0.1 |

Source : ITC Trade Map

**၁၃။** အိန္ဒိယသို့တင်ပို့မှုတွင် မြန်မာသည် အဆင့်(၃)နေရာတွင်ရှိပြီး ဈေးကွက်ဝေစု ၂၁ ဒသမ ၈ ရာခိုင်နှုန်းရရှိထားသည်။ မိုဇမ်ဘစ်သည် အဆင့် (၁) နေရာတွင်ရှိပြီး ဈေးကွက်ဝေစု ၃၀ ဒသမ ၅ ရာခိုင်နှုန်း၊ တန်ဇန်းနီးယားသည် အဆင့် (၂) နေရာတွင်ရှိပြီး ဈေးကွက်ဝေစု ၂၉ ဒသမ ၆ ရာခိုင်နှုန်းရရှိထားသဖြင့် မိုဇမ်ဘစ်နှင့် တန်ဇန်းနီးယားနိုင်ငံတို့သည် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုယှဉ်ပြိုင်ဘက်နိုင်ငံများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**နယူးဇီလန် ဈေးကွက်**

**Fig 12 : Top 5 world exporters to New Zealand in 2021**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| India | 202 | 118 | 1712 | 73.2 |
| Singapore | 47 | 24 | 1958 | 17 |
| Myanmar | 14 | 8 | 1750 | 5.1 |
| Australia | 10 | 7 | 1429 | 3.6 |
| Malawi | 4 | 3 | 1333 | 1.4 |

Source : ITC Trade Map

၁၄။ နယူးဇီလန်သို့တင်ပို့မှုတွင် မြန်မာသည် အဆင့် (၃) နေရာတွင်ရှိပြီး ဈေးကွက်ဝေစု ၅ ဒသမ ၁ ရာခိုင်နှုန်းရရှိထားသည်။ စင်ကာပူသည် အဆင့် (၂) နေရာတွင်ရှိပြီး ဈေးကွက်ဝေစု ၁၇ ရာခိုင်နှုန်းရရှိထားသဖြင့် စင်ကာပူနိုင်ငံသည် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုယှဉ်ပြိုင်ဘက်နိုင်ငံဖြစ်ကြောင်း တွေ့ရှိရပါသည်။

## နီပေါ ဈေးကွက်

**Fig 13: Top 9 world exporter to Nepal in 2021**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Myanmar | 7940 | 9839 | 807 | 63.5 |
| Tanzania, United Republic of | 1587 | 2425 | 654 | 12.7 |
| India | 1266 | 1524 | 831 | 10.1 |
| Kenya | 500 | 605 | 826 | 4 |
| Malawi | 465 | 480 | 969 | 3.7 |
| Ethiopia | 453 | 770 | 588 | 3.6 |
| Mozambique | 142 | 168 | 845 | 1.1 |
| United Arab Emirates | 117 | 217 | 539 | 0.9 |
| Madagascar | 41 | 45 | 911 | 0.3 |

Source : ITC Trade Map

၁၅။ နီပေါနိုင်ငံဈေးကွက်အတွင်းသို့ ၂၀၂၁ ခုနှစ်အတွင်း မြန်မာမှအများဆုံးတင်ပို့ထားကြောင်း တွေ့ရှိရပါသဖြင့် ဈေးကွက်ကိုဆက်လက်ထိန်းထားသင့်ပါသည်။

## နယ်သာလန်စ် ဈေးကွက်

**Fig 14: Top 5 world exporter to Netherlands in 2021**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| United Arab Emirates | 148 | 85 | 1741 | 65.5 |
| Area Nes | 40 | 27 | 1481 | 17.7 |
| Peru | 23 | 24 | 958 | 10.2 |
| Italy | 8 | 9 | 889 | 3.5 |
| India | 7 | 4 | 1750 | 3.1 |

Source : ITC Trade Map

၁၆။ နယ်သာလန်စ်ဈေးကွက်သို့ ယူအေအီးမှအများဆုံးတင်ပို့ထားကြောင်း တွေ့ရှိရပါသည်။ နယ်သာလန်စ်နိုင်ငံသည် အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်း မြင့်လာခြင်း၊ EU Top 5 စာရင်းဝင်ခြင်းတို့ကြောင့် ဈေးကွက်သစ်ထိုးဖောက်သင့်ပါသည်။

## ကိုရီးယား ဈေးကွက်

**Fig 15: Top 1 world exporter to Korea, Republic in 2021**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Myanmar | 13 | 15 | 867 | 100 |

Source : ITC Trade Map

၁၇။ ကိုရီးယားနိုင်ငံသို့ မြန်မာနိုင်ငံ တစ်နိုင်ငံသာတင်ပို့ထားသဖြင့် လက်ရှိဈေးကွက်ကို ထိန်းထားသင့်ပါသည်။

## ဘင်္ဂလားဒေ့ရှ် ဈေးကွက်

**Fig 16: Top 2 world exporter to Bangladesh in 2021**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| India | 8 | 9 | 889 | 80 |
| Myanmar | 2 | 3 | 667 | 20 |

Source : ITC Trade Map

၁၈။ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ အိန္ဒိယနိုင်ငံသည် ၈၀ ရာခိုင်နှုန်းအများဆုံး ရရှိထားပါသည်။ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်း မြင့်လာခြင်းတို့ကြောင့် မြန်မာနိုင်ငံအနေနှင့် လက်ရှိဈေးကွက် ပိုမိုတိုးချဲ့တင်ပို့သင့်ပါသည်။

## ယူအေအီး ဈေးကွက်

**Fig 17: Top 3 world exporter to United Arab Emirates in 2021**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| India | 14695 | 18939 | 776 | 93.5 |
| Tanzania, United Republic of | 985 | 2002 | 492 | 6.3 |
| Canada | 35 | 75 | 467 | 0.2 |

Source : ITC Trade Map

၁၉။ ယူအေအီးဈေးကွက်သို့ အိန္ဒိယမှအများဆုံး ရရှိထားပါသည်။ ယူအေအီးနိုင်ငံသည် ကမ္ဘာ့ဝယ်လိုအားနှင့် အာရှဝယ်လိုအား ထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်းတို့ကြောင့် မြန်မာနိုင်ငံမှ ပဲစင်းငုံတင်ပို့မှု ဈေးကွက်သစ်ထိုးဖောက်သင့်ပါသည်။

## ဘူတန် ဈေးကွက်

**Fig 18: Top 1 world exporter to Bhutan in 2021**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| India | 24 | 15 | 1600 | 100 |

Source : ITC Trade Map

၂၀။ ဘူတန်နိုင်ငံသို့ အိန္ဒိယ တစ်နိုင်ငံသာတင်ပို့ထားကြောင်း တွေ့ရပါသည်။ ဘူတန်နိုင်ငံသည် အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်းတို့ကြောင့် မြန်မာနိုင်ငံမှ ပဲစင်းငုံတင်ပို့မှု ဈေးကွက်သစ်ထိုးဖောက်သင့်ပါသည်။

## တိုင်ပေ(တရုတ်) ဈေးကွက်

**Fig 19: Top 1 world exporter to Taipei, Chinese in 2021**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| India | 7 | 4 | 1750 | 100 |

Source : ITC Trade Map

၂၁။ တိုင်ပေ(တရုတ်)နိုင်ငံသို့ အိန္ဒိယ တစ်နိုင်ငံသာတင်ပို့ထားကြောင်း တွေ့ရပါသည်။ တိုင်ပေ(တရုတ်)နိုင်ငံသည် အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်းတို့ကြောင့် မြန်မာနိုင်ငံမှ ပဲစင်းငုံတင်ပို့မှု ဈေးကွက်သစ်ထိုးဖောက်သင့်ပါသည်။

## ထိုင်း ဈေးကွက်

**Fig 20: Top 2 world exporter to Thailand in 2021**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| India | 76 | 54 | 1407 | 92.7 |
| China | 6 | 2 | 3000 | 7.3 |

Source : ITC Trade Map

၂၂။ ထိုင်းနိုင်ငံဈေးကွက်သို့ အိန္ဒိယမှအများဆုံး ရရှိထားပါသည်။ ထိုင်းနိုင်ငံသည် အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်သဖြင့် ဈေးကွက်သစ်ထိုးဖောက်သင့်ပါသည်။

## ဂျာမနီ ဈေးကွက်

**Fig 21: Top 3 world exporter to Germany in 2021**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Malawi | 62 | 50 | 1240 | 63.3 |
| India | 29 | 25 | 1160 | 29.6 |
| United Arab Emirates | 7 | 4 | 1750 | 7.1 |

Source : ITC Trade Map

၂၃။ ဂျာမနီနိုင်ငံဈေးကွက်သို့ မာလာဝီမှအများဆုံး ရရှိထားပါသည်။ ဂျာမနီနိုင်ငံသည် အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်သဖြင့် ဈေးကွက်သစ်ထိုးဖောက်သင့်ပါသည်။

## မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံး ဈေးကွက်များရွေးချယ်ခြင်း

၂၄။ ကမ္ဘာပေါ်တွင် ပဲစင်းငုံအများဆုံးတင်သွင်းသော ထိပ်တန်းနိုင်ငံများကို လေ့လာရာတွင် အိန္ဒိယသည် ပဲစင်းငုံအများဆုံးဝယ်ယူသောနိုင်ငံဖြစ်ပြီး၊ တစ်ကမ္ဘာလုံး၏ ဈေးကွက်ဝေစု ၉၀ ဒသမ ၅ ရာခိုင်နှုန်းရရှိထားသည်။ ဒုတိယနေရာရှိ ယူအေအီးက ဈေးကွက်ဝေစု ၂ ဒသမ ၈ ရာခိုင်နှုန်း၊ တတိယနေရာရှိ နီပေါက ဈေးကွက်ဝေစု ၂ ဒသမ ၂ ရာခိုင်နှုန်း ရရှိထားသည်။

၂၅။ မြန်မာနိုင်ငံအနေဖြင့် ပဲစင်းငုံတင်ပို့သောနိုင်ငံပေါင်း (၁၆) နိုင်ငံရှိပြီး အများဆုံးတင်ပို့လျက်ရှိသောနိုင်ငံများကို လေ့လာရာတွင် ITC Trade Map Data အရ အိန္ဒိယ၊ ဩစတြေးလျ၊ နီပေါ၊ မလေးရှား၊ အမေရိကန်၊ အင်္ဂလန်၊ ကနေဒါ၊ အီတလီ၊ ပါကစ္စတန်၊ ဂျပန်တို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၂၆။ မြန်မာနိုင်ငံသည် ကမ္ဘာ့ပဲစင်းငုံတင်ပို့မှု ပို့ကုန်အဆင့် (၆) တွင် တည်ရှိကာ နီပေါ၊ အီတလီသို့တင်ပို့မှုတွင် အဆင့်(၁)၊ ဩစတြေးလျ၊ ဂျပန်သို့ တင်ပို့မှုတွင် အဆင့်(၂)၊ အိန္ဒိယ၊ အင်္ဂလန်၊ ကနေဒါ၊ နယူးဇီလန်သို့ တင်ပို့မှုတွင် အဆင့်(၃)၊ မလေးရှား၊ အမေရိကန်သို့ တင်ပို့မှုတွင် အဆင့် (၄) နေရာများတွင် စာရင်းဝင်လျက်ရှိပါသည်။

၂၇။ ထူးခြားချက်အနေဖြင့် အိန္ဒိယနှင့် ပီရူးတို့တွင် တွေ့ရှိရပါသည်။ အိန္ဒိယသည် ၂၀၁၇ ခုနှစ်တွင် ကန်ဒေါ်လာ ၁၃ သန်းကျော်ဖိုးနှင့် ၂၀၂၁ ခုနှစ်တွင် ကန်ဒေါ်လာ ၃၁ သန်းကျော်ဖိုး တင်ပို့ခဲ့ပြီး Top 4 Exporter အနေဖြင့် တွေ့ရှိရသည်။ သို့သော် ၂၀၂၁ ခုနှစ်တွင် ပြည်ပမှ ကန်ဒေါ်လာ ၅၁၄ သန်းကျော်ဖိုး တင်သွင်းထားသည်ကို လေ့လာတွေ့ရှိရသည်။

၂၈။ ပီရူးသည် ၂၀၁၇ ခုနှစ်တွင် ကန်ဒေါ်လာ ၂ သန်းကျော်ဖိုးနှင့် ၂၀၂၁ ခုနှစ်တွင် ကန်ဒေါ်လာ ၁ သန်းကျော်ဖိုး တင်ပို့ခဲ့ပြီး Top 10 Exporter အနေဖြင့် တွေ့ရှိရသည်။ သို့သော် ၂၀၂၁ ခုနှစ်တွင်

ပြည်ပမှကန်ဒေါ်လာ သုညဒသမ ၈ သန်းကျော်ဖိုး တင်သွင်းထားသည်ကို လေ့လာတွေ့ရှိရသဖြင့် အိန္ဒိယနှင့် ပီရူးတို့သည် ပြည်တွင်းစားသုံးမှုအတွက် ပြည်ပမှတင်သွင်းပြီး Re. Export ဆောင်ရွက်နေသည်ဟု သုံးသပ်ရပါသည်။

၂၉။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ပဲစင်းငုံ တင်ပို့သောနိုင်ငံ (၆၈) နိုင်ငံရှိပြီး မြန်မာသည် အဆင့် (၆) တွင် တည်ရှိနေပါသည်။ ၂၀၂၁ ခုနှစ်တစ်ခုထဲကြည့်ရာတွင် ပဲစင်းငုံ တင်ပို့သောနိုင်ငံ (၄၅) နိုင်ငံရှိပြီး (၂၃) နိုင်ငံလျော့ကျနေကြောင်း တွေ့ရှိရပါသည်။

၃၀။ အိန္ဒိယ၊ မလေးရှား၊ နယူးဇီလန်နိုင်ငံတို့သည် အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်း မြင့်လာခြင်းတို့ကြောင့် မူလဈေးကွက်အား ထပ်မံတိုးချဲ့တင်ပို့သင့်ကြောင်း သုံးသပ်ရပါသည်။

၃၁။ ယူအေအီး၊ နယ်သာလန်စ်၊ ဘူတန်၊ တိုင်ပေ(တရုတ်)၊ ထိုင်း၊ ဂျာမနီနိုင်ငံတို့သည် အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံများသို့ မြန်မာနိုင်ငံမှ ပဲစင်းငုံတင်ပို့မှု မရှိသေးသဖြင့် ဈေးကွက်သစ်ထိုးဖောက် တင်ပို့သင့်ပါသည်။

၃၂။ ကိုရီးယားနှင့် နီပေါနိုင်ငံသို့ တင်ပို့မှုတွင် မြန်မာနိုင်ငံသည် အများဆုံးတင်ပို့ထားသည်ကို တွေ့ရသဖြင့် လက်ရှိဈေးကွက်ကို ထိန်းထားသင့်ပြီး အမေရိကန်၊ အင်္ဂလန်၊ ကနေဒါ၊ အီတလီ၊ ဂျပန်နိုင်ငံတို့သည် မြန်မာ့ပဲစင်းငုံ တင်ပို့သည့် ထိပ်တန်းစာရင်းဝင်သော်လည်း ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းကျသဖြင့် လက်ရှိဈေးကွက်အား ဆက်လက်ထိန်းထားသင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## ပဲစင်းငုံပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုအခြေအနေလေ့လာခြင်း

ဇယား- ၂၂ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှု (၂၀၂၀-၂၀၂၁)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စိုက်ဧရိယာ (ဧက) | ရိတ်သိမ်းဧရိယာ (ဧက) | အထွက်နှုန်း (တင်း) | အထွက် (တင်း) | အထွက် (တန်) |
|---|---|---|---|---|---|---|
| ၁ | နေပြည်တော်ကောင်စီနယ်မြေ | ၇၁၃ | ၇၁၃ | ၁၄.၁၀ | ၁၀၀၅၃ | ၃၂၈.၂၆၁ |
| ၂ | ကချင်ပြည်နယ် | ၄၆၆ | ၄၆၆ | ၁၃.၂၉ | ၆၁၉၄ | ၂၀၂.၂၅၃ |
| ၃ | ကယားပြည်နယ် | ၇၃၀၃ | ၇၃၀၃ | ၁၃.၂၄ | ၉၆၇၁၀ | ၃၁၅၇.၈၇၈ |
| ၄ | ကရင်ပြည်နယ် | ၄၅၁ | ၄၅၁ | ၁၃.၁၆ | ၅၉၃၅ | ၁၉၃.၇၉၆ |
| ၅ | ချင်းပြည်နယ် | ၈၈၉ | ၈၈၉ | ၁၄.၀၇ | ၁၂၅၀၄ | ၄၀၈.၂၉၄ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၄၇၂၆၂၂ | ၄၇၁၆၆၄ | ၁၇.၀၈ | ၈၀၅၈၁၂၄ | ၂၆၃၁၂၂.၄၁၆ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၂၃ | ၂၃ | ၅.၃၀ | ၁၂၂ | ၃.၉၈၄ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၁၈၆၇၀ | ၁၈၆၇၀ | ၁၆.၆၁ | ၃၁၀၁၈၁ | ၁၀၁၂၈.၃၅၉ |
| ၉ | မကွေးတိုင်းဒေသကြီး | ၁၅၈၆၃၃ | ၁၅၄၅၁၃ | ၁၀.၇၈ | ၁၆၆၅၄၁၃ | ၅၄၃၈၀.၈၃၃ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၃၄၂၁၈၀ | ၃၄၂၁၈၀ | ၉.၀၄ | ၃၀၉၂၆၇၃ | ၁၀၀၉၈၅.၂၄၁ |
| ၁၁ | မွန်ပြည်နယ် | - | - | - | - | - |
| ၁၂ | ရခိုင်ပြည်နယ် | ၅၃၈ | ၅၃၈ | ၁၀.၄၃ | ၅၆၁၄ | ၁၈၃.၃၁၄ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | - | - | - | - | - |
| ၁၄ | ရှမ်းပြည်နယ် | ၆၁၅၉၁ | ၆၁၅၉၁ | ၁၆.၈၁ | ၁၀၃၅၄၂၈ | ၃၃၈၀၉.၈၉၄ |
| | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၅၅၆၅၅ | ၅၅၆၅၅ | ၁၇.၃၂ | ၉၆၄၁၂၈ | ၃၁၄၈၁.၇၃၁ |
| | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၅၀၄၃ | ၅၀၄၃ | ၁၂.၅၈ | ၆၃၄၆၃ | ၂၀၇၄.၂၆၁ |
| | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၈၉၃ | ၈၉၃ | ၈.၇၈ | ၇၈၃၇ | ၂၅၅.၉၀၂ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၃၀ | ၃၁၃၀ | ၁၆.၃၂ | ၅၁၀၉၁ | ၁၆၆၈.၂၇၈ |
| | ပြည်ထောင်စုချုပ် | ၁၀၆၇၂၀၉ | ၁၀၆၂၁၃၁ | ၁၃.၅၁ | ၁၄၃၅၀၀၄၂ | ၄၆၈၅၇၂.၈ |

Source: စိုက်ပျိုးရေးဦးစီးဌာန

မှတ်ချက်။ ၁ တန်= ၃၀.၆၂၅ တင်းဖြင့် တွက်ချက်ထားပါသည်။

## ပြည်တွင်းပဲစင်းငုံထွက်ရှိမှု (၂၀၂၀-၂၀၂၁)

၃၃။ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ပြည်တွင်းပဲစင်းငုံထွက်ရှိခဲ့သော ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာ နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်ကြသည်။ ပဲစင်းငုံအများဆုံးထွက်ရှိရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာ စစ်ကိုင်းတိုင်းဒေသကြီးသည် စိုက်ဧက ၄၇၂၆၂၊ တစ်ဧက အထွက်နှုန်း ၁၇ တင်းကျော်ဖြင့် စုစုပေါင်း ၂၆၃၁၂ တန်ကျော်အများဆုံး ထွက်ရှိထားပါသည်။ မန္တလေးတိုင်းဒေသကြီးက စိုက်ဧက ၃၄၂၁၈၀၊ တစ်ဧက အထွက်နှုန်း ၉ တင်းကျော်ဖြင့် အရေအတွက် ၁၀၀၉၈၅ တန်ကျော်ဖြင့် ဒုတိယအများဆုံး၊ မကွေးတိုင်းဒေသကြီးသည် စိုက်ဧက ၁၅၈၆၃၃၊ တစ်ဧက အထွက်နှုန်း ၁၀ တင်းကျော်ဖြင့် အရေအတွက် ၅၄၃၈၀ တန်ကျော်ဖြင့် တတိယအများဆုံး၊ ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း) တို့သည် စိုက်ဧက ၆၁၅၉၁၊ တစ်ဧက အထွက်နှုန်း ၁၆ တင်းကျော်၊ အရေအတွက် ၃၃၈၀၉ တန်ကျော်ဖြင့် စတုတ္ထအများဆုံးနှင့် ပဲခူးတိုင်းဒေသကြီးသည် စိုက်ဧက ၁၈၆၇၀၊ တစ်ဧက အထွက်နှုန်း ၁၆ တင်းကျော်ဖြင့် အရေအတွက် ၁၀၁၂၈ တန်ကျော်ဖြင့် ပဥ္စမအများဆုံးထွက်ရှိကြောင်း တွေ့ရှိရပါသည်။

၃၄။ ၂၀၂၀-၂၀၂၁ ခုနှစ်နှင့် ၂၀၁၉-၂၀၂၀ ခုနှစ် ပဲစင်းငုံထွက်ရှိမှု နှိုင်းယှဉ်ချက်မှာ အောက်ပါဇယားအတိုင်း ဖြစ်ပါသည်။

**ဇယား-၂၃**

| ခုနှစ် | စိုက်ဧရိယာ (ဧက) | ရိတ်ဧရိယာ (ဧက) | အထွက်နှုန်း (တင်း) | အထွက် (တင်း) |
|---|---|---|---|---|
| ၂၀၂၀-၂၀၂၁ | ၁၀၆၇၂၀၉ | ၁၀၆၂၁၃၁ | ၁၃.၅၁ | ၁၄၃၅၀၀၄၂ |
| ၂၀၁၉-၂၀၂၀ | ၁၀၉၁၇၀၅ | ၁၀၉၁၆၈၅ | ၁၄.၂၆ | ၁၅၅၆၉၅၇၅ |
| နှိုင်းယှဉ်ချက် | (-) ၂၄၄၉၆ | (+) ၂၉၅၅၄ | (-) ၀.၇၅ | (-) ၁၂၁၉၅၃၃ |

Source: စိုက်ပျိုးရေးဦးစီးဌာန

## စိုက်ဧရိယာ

၃၅။ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း ပဲစင်းငုံစိုက်ဧရိယာမှာ (၁၀၆၇၂၀၉) ဧကဖြစ်၍ ယခင်နှစ် စိုက်ဧရိယာ (၁၀၉၁၇၀၅) ဧကနှင့် နှိုင်းယှဉ်သော် (၂၄၄၉၆) ဧကလျော့နည်းခဲ့ပါသည်။ ပဲစင်းငုံ စိုက်ပျိုးချိန်တွင် မိုးရွာသွန်းမှုလျော့နည်းခြင်း၊ ဈေးကွက်မသေချာသဖြင့် တောင်သူများ စိတ်ဝင်စားမှုမရှိ၍ လျော့နည်းစိုက်ပျိုးခြင်းကြောင့် ဖြစ်ပါသည်။

## ရိတ်သိမ်းဧရိယာ

၃၆။ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ပဲစင်းငုံရိတ်သိမ်းဧရိယာမှာ (၁၀၆၂၁၃၁) ဧကဖြစ်၍ ယခင်နှစ် ရိတ်သိမ်းဧရိယာ (၁၀၉၁၆၈၅) ဧကနှင့် နှိုင်းယှဉ်သော် (၂၉၅၅၄) ဧကလျော့နည်းခဲ့ပါသည်။ စိုက်ဧရိယာလျော့နည်းခဲ့ခြင်းနှင့် သဘာဝဘေးအန္တရာယ်များကြောင့် စိုက်ဧရိယာ (၅၀၇၈) ဧက ပျက်စီးခဲ့ခြင်းတို့ကြောင့် လျော့နည်းခဲ့ခြင်းဖြစ်ပါသည်။

## တစ်ဧကအထွက်နှုန်း

၃၇။ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ပဲစင်းငုံတစ်ဧကအထွက်နှုန်းမှာ (၁၃.၅၁) တင်းနှုန်းဖြစ်၍ ယခင်နှစ် တစ်ဧက အထွက်နှုန်း (၁၄.၂၆) တင်းနှုန်းနှင့် နှိုင်းယှဉ်သော် (၀.၇၅) တင်းလျော့နည်းခဲ့ပါသည်။ မိုးရွာသွန်းမှုနည်းသဖြင့် အပင်ဖြစ်ထွန်းမှုအားနည်းခြင်းနှင့် ဈေးကွက်မရှိ၍ တောင်သူများဂရုစိုက် နည်းပါးခြင်းတို့ကြောင့် အထွက်နှုန်းလျော့နည်းရခြင်း ဖြစ်ပါသည်။

## စုစုပေါင်း အထွက်နှုန်း

၃၈။ ၂၀၂၀-၂၀၂၁ ခုနှစ် ပဲစင်းငုံ စုစုပေါင်းအထွက်နှုန်းမှာ (၁၄၃၅၀၀၄၂) တင်းဖြစ်၍ ယခင်နှစ် စုစုပေါင်း အထွက်နှုန်း (၁၅၅၆၉၅၇၅) တင်းနှင့်နှိုင်းယှဉ်သော် (၁၂၁၉၅၃၃) တင်းလျော့နည်းခဲ့ ပါသည်။ စိုက်ဧရိယာ၊ ရိတ်သိမ်းဧရိယာနှင့် တစ်ဧကအထွက်နှုန်းများ လျော့နည်းခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

**ပဲစင်းငုံကုန်သွယ်မှုအခြေအနေ**

**ဇယား-၂၄ ၂၀၂၂ – ဇန်နဝါရီလမှ ဩဂုတ်လထိ** **တန်ဖိုး- ကန်ဒေါ်လာသန်း**

| စဉ် | လအမည် | ကုန်ပစ္စည်းအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|---|
| ၁ | ဇန်နဝါရီလ | ပဲစင်းငုံ | မတန် | ၁၃၇၁၉.၅၀၅ | ၈.၆၀၇ |
| ၂ | ဖေဖော်ဝါရီလ | ပဲစင်းငုံ | မတန် | ၁၉၅၂၂.၃၀၀ | ၁၂.၇၉၂ |
| ၃ | မတ်လ | ပဲစင်းငုံ | မတန် | ၄၀၆၇၂.၇၄၀ | ၂၇.၉၉၁ |
| ၄ | ဧပြီလ | ပဲစင်းငုံ | မတန် | ၁၇၇၅.၂၅၀ | ၁.၂၉၀ |
| ၅ | မေလ | ပဲစင်းငုံ | မတန် | ၁၁၅၆.၀၀၀ | ၀.၈၅၈ |
| ၆ | ဇွန်လ | ပဲစင်းငုံ | မတန် | ၁၃၉၅.၉၃၅ | ၁.၀၁၇ |
| ၇ | ဇူလိုင်လ | ပဲစင်းငုံ | မတန် | ၅၂၇၉.၄၁၄ | ၃.၉၁၉ |
| ၈ | ဩဂုတ်လ | ပဲစင်းငုံ | မတန် | ၂၈၆၈၆.၄၀၃ | ၂၃.၁၆၁ |
| | **စုစုပေါင်း** | **ပဲစင်းငုံ** | **မတန်** | **၁၁၂၀၇.၅၄၇** | **၇၉.၆၃၅** |

Source: ကုန်သွယ်ရေးဦးစီးဌာန

**မြန်မာနိုင်ငံမှ ပြည်ပသို့ပဲစင်းငုံတင်ပို့မှု**

၃၉။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လထိ မြန်မာနိုင်ငံမှ ပြည်ပသို့ ပဲစင်းငုံတင်ပို့မှု စုစုပေါင်း ကန်ဒေါ်လာ ၇၉ ဒသမ ၆၃၅ သန်းဖိုးနှင့်အရေအတွက် ၁၁၂၀၇ တန်ကျော် တင်ပို့လျက်ရှိသည်ကို ကုန်သွယ်ရေးဦးစီးဌာနမှ ပေးပို့သော Data အရ သိရှိရပါသည်။

၄၀။ မတ်လတွင် ကန်ဒေါ်လာ ၂၇ ဒသမ ၉၉၁ သန်းဖိုးနှင့်အရေအတွက် တန်ချိန် ၄၀၆၇၂ တန်ကျော်ဖြင့် ပဲစင်းငုံအများဆုံး တင်ပို့ထားသည်ကို တွေ့ရှိရပါသည်။ ဩဂုတ်လတွင် ကန်ဒေါ်လာ ၂၃ ဒသမ ၁၆၁ သန်းနှင့် အရေအတွက် တန်ချိန် ၂၈၆၈၆ တန်ကျော်ဖြင့် ဒုတိယအများဆုံး၊ ဖေဖော်ဝါရီလတွင် ကန်ဒေါ်လာ ၁၂ ဒသမ ၇၉၂ သန်းဖိုးနှင့်အရေအတွက် တန်ချိန် ၁၉၅၂၂ တန်ကျော်ဖြင့် တတိယအများဆုံး တင်ပို့ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

၄၁။ မြန်မာနိုင်ငံတွင် ပဲစင်းငုံစိုက်ပျိုးသီးနှံကို ပင်ပြန့်နှင့် ပင်ထောင်ဟူ၍ အမျိုးအစား (၂) မျိုးရှိသည်။ သက်ကြီးမျိုး၊ သက်လတ်မျိုး၊ သက်ငယ်မျိုး အမျိုးအစား(၃) မျိုးတို့တွင် သက်ကြီးမျိုးနှင့် သက်လတ်မျိုးကို မေလနှင့် ဇွန်လတွင် စိုက်ပျိုးပြီး သက်ငယ်မျိုးကို ဩဂုတ်လနှင့် အောက်တိုဘာလ ပထမပတ်အတွင်း အပြီးစိုက်ပျိုးကြသည်။

၄၂။ ပဲစင်းငုံပင်သည် နှစ်ရှည်ချုံပင်မျိုးဖြစ်သော်လည်း တစ်နှစ်ခံသီးနှံပင်အဖြစ် စိုက်ပျိုးလေ့ရှိသည်။ ပဲစင်းငုံကို အချို့အရပ်ဒေသတွင် "စစ်ပိုင်ပဲ" လို့ခေါ်ကြပါသည်။ ပဲစင်းငုံကို မိုးသီးနှံအဖြစ် အထက်မြန်မာပြည် အပူပိုင်း ခြောက်သွေ့ဒေသများဖြစ်သော မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းတို့တွင် အများဆုံးစိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးသော မျိုးများမှာ သက်ကြီးမျိုးများဖြစ်ကြပြီး သီးညှပ်စိုက်ပျိုးကြသည်။

၄၃။ ပဲစင်းငုံအနီ၊ ပဲစင်းငုံဖြူနီ၊ ပဲစင်းငုံအဖြူ၊ အညို၊ မီးခိုးရောင်(သို့မဟုတ်) ခရမ်းရောင်သန်း၊ ပဲစင်းငုံအခွံချွတ်အခြမ်းဟူ၍ အမျိုးအစားများ ခွဲခြားထားပါသည်။ ပဲစင်းငုံကို ကြာဆံထုတ်လုပ်ရာမှာလည်း ထည့်သွင်းအသုံးပြုကြသည်။ မြန်မာနိုင်ငံမှ ပဲစင်းငုံအများဆုံးတင်ပို့သော ထိပ်တန်း (၁၀) နိုင်ငံမှာ အိန္ဒိယ၊ ဩစတြေးလျ၊ နီပေါ၊ မလေးရှား၊ အမေရိကန်၊ အင်္ဂလန်၊ ကနေဒါ၊ အီတလီ၊ ပါကစ္စတန်၊ ဂျပန်တို့ ဖြစ်ကြသည်။

၄၄။ မြန်မာ့ပဲစင်းငုံကို နိုင်ငံတကာသို့ ပိုမိုတင်ပို့နိုင်ရန်အတွက် ပဲစိုက်ပျိုးသည့် ပြည်နယ်နှင့် တိုင်းအလိုက် တောင်သူများကို နိုင်ငံတကာစံချိန်စံညွှန်း၊ အရည်အသွေးများနှင့် ကိုက်ညီသော ပဲစင်းငုံများရရှိနိုင်ရန်အတွက် မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေးနှင့် သတင်းအချက်အလက် နည်းပညာများ ဖြန့်ဝေပေးခြင်း၊ ထိထိရောက်ရောက် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

## ပဲစင်းငုံဈေးကွက်အလားအလာလေ့လာ သုံးသပ်ချက်

၄၅။ ပဲစင်းငုံကို ၂၀၁၇ ခုနှစ်မတိုင်မီက တစ်နှစ်လျှင် တန်ချိန် နှစ်သိန်းမှနှစ်သိန်းခွဲကြားတွင် တင်ပို့လေ့ရှိပါသည်။ ၂၀၁၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ မတ်ပဲ၊ ပဲတီစိမ်းနှင့်ပဲစင်းငုံတို့ကို တင်သွင်းမှုအား ကိုတာစနစ်ဖြင့်ဆောင်ရွက်ခဲ့သဖြင့် မြန်မာနိုင်ငံမှ ပဲစင်းငုံတင်ပို့မှုသည်ကျဆင်းခဲ့ပါသည်။ ၂၀၁၇၊ ၂၀၁၈ ခုနှစ်များတွင် ဆက်တိုက်ကျဆင်းခဲ့သဖြင့် တောင်သူများမှ ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်မှုကို လျှော့ချစိုက်ပျိုးလာသည်ဟု သိရပါသည်။ သီးညှပ်ခင်းများတွင် ပဲစင်းငုံကို အတန်းရေလျှော့ချစိုက်ပျိုးလာသည်ဟု လေ့လာသိရှိရပါသည်။ ၂၀၁၉ ခုနှစ်တွင် ဝယ်လိုအားရှိသော်လည်း တင်ပို့မှုနည်းပါးသည်ကိုတွေ့နိုင်ပါသည်။

၄၆။ ကုန်သွယ်မှုအမြင်ဖြင့်ကြည့်လျှင် ဝယ်လိုအားရှိလျက် တင်ပို့မှုကျဆင်းခြင်းသည် ကုန်ပစ္စည်းလက်ကျန် နည်းပါးသောကြောင့်ဟုလည်း ဆိုနိုင်ပါသည်။ ယခုစာတမ်းတွင်လည်း တင်ပို့မှုသည် တစ်နှစ်ထက်တစ်နှစ်ကျဆင်းသည်ကို တွေ့ရပါသည်။ ပျမ်းမျှခြင်းအားဖြင့် တန်ချိန် ၅၀၀၀၀ ခန့်သာ နှစ်စဉ်တင်ပို့နိုင်သည့်အခြေအနေဖြစ်ပါသည်။

၄၇။ စိုက်ပျိုးရေးဦးစီးဌာန၏စာရင်းအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရိတ်ကေနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပဲစင်းငုံရိတ်ကေနှစ်ခုတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ရိတ်ကေမှာ ၂၉၅၅၄ ခန့်လျော့နည်း သည်ဟု ဖော်ပြထားပါသည်။ ၂၀၂၀ ပြည့်နှစ် အထွက်တွင် (၁၄၃၅၀၀၄၂ တင်း၊ တန်ချိန်အားဖြင့် ၄၆၈၆၅၇ တန်) ထွက်ရှိသည်ဟု ဖော်ပြထားပြီး ၂၀၁၉ ခုနှစ်ထက် ( ၁၂၁၉၅၃၃ တင်း၊ တန်ချိန် အားဖြင့် ၃၉၈၂၉ တန်ခန့်)သာ လျော့နည်းသည်ဟု ဖော်ပြထားပါသည်။ သို့ရာတွင် တင်ပို့မှု အပိုင်းတွင်မူ များစွာကျဆင်းခဲ့သဖြင့် (ပြည်တွင်းစာသုံးမှုမရှိသလောက်ဖြစ်သော) ပဲစင်းငုံသည် အထွက်တွင်လည်း များစွာလျော့ကျ နိုင်ဖွယ်ရှိသည်ဟု တောင်သူ၊ ကုန်သည်ပွဲစားများမှ သုံးသပ် ကြပါသည်။

၄၈။ မည်သို့ပင်ဆိုစေကာမူ ပဲစင်းငုံသည်တင်ပို့မှုတွင် ၂၀၁၇ ခုနှစ်နောက်ပိုင်း၌ များစွာကျဆင်း သွားသည်ဟု ထင်ထင်ရှားရှား တွေ့ရပါသည်။ ပဲစင်းငုံသည် တောင်သူများအနေဖြင့် အခြား သီးနှံများအတွက် လေကာပင်အဖြစ် လည်းကောင်း၊ မိုးနည်းပြီး ခြောက်သွေ့သည့်ဒဏ်ကိုခံနိုင် သဖြင့်လည်းကောင်း၊ ခြံတိုင်၊ တံမြက်စည်း၊ ထင်းအဖြစ်သုံးနိုင်ခြင်းနှင့် အထိုက်အလျောက် ဝမ်းစာနှင့် ဝင်ငွေရခြင်းကြောင့် လည်းကောင်း မဖြစ်မနေစိုက်ကေ အနည်းငယ်ကိုစိုက်ပျိုး ကြသည်ကိုတွေ့ရပါသည်။ မျိုးရရှိမှု ခက်ခဲသည်ဟုလည်း သိရပါသည်။

၄၉။ အထက်တွင် တင်ပြသကဲ့သို့ သီးညှပ်စိုက်ပျိုးရာတွင်လည်း ၆ တန်း၊ ၈ တန်းထည့်သည့် နေရာတွင် လေးတန်မျှသာထည့်သွင်းသဖြင့် စိုက်ပျိုးထုတ်လုပ်မှုသည် တစ်ဝက်မျှလျော့ကျနိုင် သည်ဟု ထင်မြင်သုံးသပ်မိပါသည်။ ပဲစင်းငုံကို တင်ပို့ရန်အတွက် တိုးချဲ့စိုက်ပျိုးထုတ်လုပ်မည် ဆိုပါက Value Chain အရ ဈေးကွက်မှတောင်းဆိုသလောက်ကိုသာ စိုက်ပျိုးထုတ်လုပ်သင့်ပါ သည်။ ထို့အပြင် တဖက်မှာလည်း ပြည်တွင်းစားသုံးမှုတိုးတက် လာစေရန်လည်း ဆောင်ရွက်နေ သင့်ပါသည်။

၅၀။ ပဲစင်းငုံ၏ ဈေးကွက်ကိုကြည့်လျှင် မြန်မာနိုင်ငံမှတင်ပို့ရာတွင် အိန္ဒိယနိုင်ငံ တစ်နိုင်ငံ တည်းကို ၉၀.၅ ရာခိုင်နှုန်း (ကမ္ဘာ့ ပဲစင်းငုံတင်သွင်းသော ထိပ်တန်း ၁၀ နိုင်ငံစာရင်းအရ) ဖြင့် အများဆုံးတင်ပို့ခဲ့ခြင်းဖြစ်ပြီး၊ ဒုတိယဖြစ်သော ယူအေအီးနိုင်ငံသည် ၂.၈ ရာခိုင်နှုန်းသာရှိသဖြင့် ပဲစင်းငုံသည် အိန္ဒိယဈေးကွက်တစ်ခုသာ မှီခိုနေခြင်းကြောင့် ဈေးကွက်အလွန်ကျဉ်းမြောင်း သည်ဟုဆိုနိုင်ပါသည်။ ဈေးကွက်သည် ကျယ်ပြန့်ခြင်း (diversification) မဖြစ်ပါက အဆိုပါ ဈေးကွက်တစ်ခုထဲ(အိန္ဒိယနိုင်ငံ)နှင့် ခိုင်ခိုင်မာမာ သဘောတူညီချက်များရှိထားပြီး နှစ်စဉ်ပုံမှန် စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်ထားရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက် နိုင်ခြင်းမရှိပါက အဆိုပါ ဈေးကွက်နိုင်ငံ (အိန္ဒိယနိုင်ငံ)မှ တင်သွင်းမှုနှင့်ပတ်သက်သော ကန့်သတ် မှုများ၊ စည်းကမ်းများ၊ ကိုတာစနစ်များ နှင့်ဝယ်သူဈေးကွက်ဖြစ်အောင်ဖန်တီးပြီး ဈေးနှိမ်ခြင်း၊ ဈေးကွက်ကိုချုပ်ကိုင်ခြင်းမျိုးကို ခံရမည် ဖြစ်ပါသည်။

၅၁။ ထို့အပြင် ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေနှင့် အိန္ဒိယနိုင်ငံနှင့်နိုင်ငံချင်း သဘောတူညီချိတ်ဆက်မှုများတွင် တန်ဇန်းနီးယားနိုင်ငံက ပိုမိုသာလွန်သည့် အခြေအနေရှိသည်ကို တွေ့မြင်နေရပါသည်။ အိန္ဒိယနိုင်ငံမှအပ အခြားသောနိုင်ငံများသို့ ပဲစင်းငုံတင်ပို့မည်ဆိုပါကလည်း ဝယ်လိုအား (Demand) သည်အိန္ဒိယထက် များစွာလျော့နည်းသဖြင့် စိုက်ပျိုး ထုတ်လုပ်မှုများစွာတိုးတက်လာရန် အားထားရသည့် ဈေးကွက်များဖြစ်လာမည် မဟုတ်ပါ။

၅၂။ သို့ဖြစ်ပါ၍ အလားအလာရှိသော ဈေးကွက်များတွင် အောက်ပါအတိုင်းဆောင်ရွက်သင့်သည်ဟု သုံးသပ်မိပါသည်-

(က) အိန္ဒိယနိုင်ငံဈေးကွက်အတွက်- အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံအစိုးရခြင်း အရောင်းအဝယ်သဘောတူညီမှု ခိုင်ခိုင်မာမာထားရှိရန်နှင့် အိန္ဒိယနိုင်ငံကုမ္ပဏီများမှ မြန်မာနိုင်ငံအတွင်းပဲစင်းငုံခွဲခြမ်းစက်ရုံများ ထူထောင်ခြင်း၊ မျိုးထုတ်လုပ်ခြင်းများ လာရောက်ရင်းနှီးမြှုပ်နှံခြင်း စသည်တို့ကိုပူးပေါင်းဆောင်ရွက်ရန်၊ ကုန်သည်ခြင်း ပူးပေါင်းဆောင်ရွက်မည့် ကိစ္စများကို ပိုမိုဆောင်ရွက်သွားခြင်း။

(ခ) အခြားသော မလေးရှား၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံစသော နိုင်ငံများသို့ ဈေးကွက်တိုးချဲ့ရေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံပဲပြောင်းနှမ်းကုန်သည်အသင်းတို့မှ ပူးပေါင်းဆောင်ရွက်သွားခြင်း။

(ဂ) ပြည်တွင်း စားသုံးမှုတိုးတက်လာရေးအတွက်လည်း အစိုးရနှင့် ပုဂ္ဂလိကကုန်သည်အသင်းအဖွဲ့များပူးပေါင်း၍ ဆောင်ရွက်သွားခြင်း။

၅၃။ အထက်ပါအတိုင်း ဈေးကွက်လိုအပ်ချက်တိုးတက်လာအောင် ဆောင်ရွက်ပြီးမှသာ ဈေးကွက်မှဝယ်လိုအား တက်လာသည့်အပေါ်တွင်အခြေခံ၍ ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်သွားသင့်ပါကြောင်း တင်ပြအပ်ပါသည်။ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင်ဆောင်ရွက်ရာတွင်လည်း အထွက်ကောင်းသည့်မျိုးများကို အသုံးပြုနိုင်ရန် ဖြန့်ဖြူးနိုင်ရေးသည် အရေးပါသော အချက်တစ်ခုဖြစ်ပါကြောင်း သုံးသပ်ရပါသည်။